## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

## ဆိုးလ်မြို့

### မြန်မာနိုင်ငံသား မိဘများမှ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသောကလေးအတွက် မွေးဖွားကြောင်းမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား (မိဘ) များအနေဖြင့် နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော မိမိတို့၏ ကလေးများအတွက် **မွေးဖွားကြောင်းမှတ်ပုံတင်ခြင်း** ကို မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာသံရုံး၊ ဆိုးလ်မြို့မှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၌ မှတ်ပုံတင်ခြင်းကို ဦးစွာဆောင်ရွက်ပြီးမှသာ **မြန်မာနိုင်ငံကူးလက်မှတ်အသစ် (မွေးတိုး) လျှောက်ထားခြင်း** ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၂) နိုင်ငံသားဖြစ်ခြင်း၊ ပုဒ်မ-၁၀ တွင် "နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော နိုင်ငံသားတစ်ဦးအတွက် ထိုသို့မွေးဖွားကြောင်းကို မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံး (သို့မဟုတ်) ကောင်စစ်ဝန်ရုံး (သို့မဟုတ်) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်ထားသည့် အဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘ (သို့မဟုတ်) အုပ်ထိန်းသူက မှတ်ပုံတင်ရမည်" ဟူ၍ ဖော်ပြထားပါသည်။ ထို့ပြင် ခြွင်းချက်အနေဖြင့် "မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံမတင်နိုင်ပါက မိဘ (သို့မဟုတ်) အုပ်ထိန်းသူသည် ခိုင်လုံသော အကြောင်းပြ၍ မြန်မာနိုင်ငံသံရုံး (သို့မဟုတ်) ကောင်စစ်ဝန်ရုံး (သို့မဟုတ်) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်ထားသည့် အဖွဲ့အစည်းများမှတစ်ဆင့် ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်"ဟူ၍ ဖော်ပြထားပါသည်။

၃။ သို့ပါ၍ မြန်မာနိုင်ငံသား (မိဘ) များအနေဖြင့် နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော မိမိတို့၏ ကလေးများအတွက် **မွေးဖွားကြောင်းမှတ်ပုံတင်ခြင်း** ကို မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာသံရုံး၊ ဆိုးလ်မြို့မှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ဦးစွာလျှောက်ထားပြီးမှသာ ကလေးအတွက် **မြန်မာနိုင်ငံကူးလက်မှတ်အသစ် (မွေးတိုး) လျှောက်ထားခြင်း** ကို မြန်မာသံရုံး၊ ဆိုးလ်မြို့၌ လာရောက်လျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများကို နောက်ဆက်တွဲဖြင့် အသိပေးဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး၊ ဆိုးလ်မြို့**
**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့**

နောက်ဆက်တွဲ

## မြန်မာနိုင်ငံသား မိဘများမှ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော ကလေးအား မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းလျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ

၁။ ကလေး၏ဓာတ်ပုံ (နောက်ခံအဖြူ)

၂။ ကိုယ်ရေးရာဇဝင် (မိဘ)

၃။ နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်းမှတ်တမ်း (ပုံစံ နိုင်-၈) + ပုံစံ ထွေ-၃

၄။ မွေးစာရင်းမိတ္တူ (ကိုရီးယား+အင်္ဂလိပ်)

၅။ နိုင်ငံကူးလက်မှတ်မိတ္တူ (မိဘ)

၆။ Residence Card မိတ္တူ (မိဘ)

၇။ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (မိဘ)

၈။ အိမ်ထောင်စုစာရင်းမိတ္တူ

၉။ လက်ထပ်စာချုပ်မိတ္တူ